လျှို့ဝှက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ

စာအမှတ်၊ ၁၁/၁၁/၁၆ - နငက(၁၃၅၈ /၂၀၂၅)
ရက် စွဲ၊ ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက်

သို့

National Energy Prime Aviation Services Co.,Ltd. (NEPAS)

အကြောင်းအရာ။ **နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၅) ၏ အစည်းအဝေးဆုံးဖြတ်ချက် ပေးပို့ခြင်းကိစ္စ**

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ် (၁၈)အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီအစည်းအဝေး အမှတ်စဉ် (၄၇/၂၀၂၅) တွင် National Energy Prime Aviation Services Co.,Ltd. မှ ပြည်ပမှ ဒီဇယ်ဆီ HSD ၁၂၁,၂၀၀ စည် (BBL) များ ဝယ်ယူတင်သွင်းနိုင်ရေးအတွက် လိုအပ်သော နိုင်ငံခြားငွေများ လွှဲပြောင်းခွင့်ရရှိရေး တင်ပြလာခြင်းအား အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

(က) KBZ Bank ရှိ NEPAS Co., Ltd. ၏ အမေရိကန်ဒေါ်လာငွေစာရင်းမှ USD ၈,၅၆၆,၀၀၀ ကို KBZ Bank ရှိ Dynamic Wave Co., Ltd ၏ အမေရိကန်ဒေါ်လာငွေစာရင်းသို့ ကနဦး လွှဲပြောင်းခွင့်ပြုရန်၊

(ခ) KBZ Bank ရှိ Dynamic Wave Co., Ltd. ၏ ဘဏ်လက်ကျန် USD ၇,၁၉၀,၀၂၀.၅၀ နှင့် NEPAS Co., Ltd ၏ နိုင်ငံခြားငွေစာရင်းမှ လွှဲပြောင်းရောက်ရှိလာမည့် USD ၈,၅၆၆,၀၀၀ တို့ပေါင်းခြင်းမှ ရရှိလာမည့် စုစုပေါင်း USD ၁၅,၇၅၆,၀၂၀.၅၀ အနက်မှ USD ၁၅,၇၅၆,၀၀၀ ကို Supplier ဖြစ်သော Tawan- Oil Trading Co.,Ltd.၏ နိုင်ငံခြားငွေစာရင်း (သို့မဟုတ်) ၎င်းမှ ညွှန်ကြားသော မိတ်ဖက်ကုမ္ပဏီ၏ နိုင်ငံခြားငွေစာရင်းသို့ အပြီးသတ် လွှဲပြောင်းခွင့်ပြုရန်၊

(ဂ) NEPAS Co., Ltd ကိုယ်စား Dynamic Wave Co.,Ltd. အမည်ဖြင့် လည်းကောင်း၊ လေယာဉ်ဆီအမည်အစား ဒီဇယ်ဆီ (HSD)အမည်ဖြင့် လည်းကောင်း၊ သွင်းကုန်လိုင်စင် ခွင့်ပြုရန်။

၂။ သို့ပါ၍ ကော်မတီ၏ ဆုံးဖြတ်ချက်အား သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

အတွင်းရေးမှူး (ကိုယ်စား)
(မင်းဇော်အေး၊ လက်ထောက်အတွင်းဝန်)

မိတ္တူကို
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရုံးလက်ခံ/မျှောစာတွဲ

လျှို့ဝှက်